ပါဟတ်ကျေးရွာ

ကျေးသီးမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၂၁ - ၂၀၂၆)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ပါဟတ်ကျေးရွာ၊ ကျေးသီးမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၂၁ ခုနှစ်၊မတ်လ

## မာတိကာ


မာတိကာ ၁
အတိုကောက်စကားလုံးများ ၄
စကားချီး ၅
ပါဟတ်ကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ကျေးသီးမြို့နယ် ၇
ပါဟတ် ကျေးရွာရာသီခွင်ပြပြက္ခဒိန် ၈

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် ၉**

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၉
(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်
(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၁
(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား
(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၁
(က) လူဦးရေဆိုင်ရာ အချက်လက်များ
(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု
(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု
(ဃ) ကျန်းမာရေး နှင့် အာဟာရ
(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ
(စ) ကျားမဆိုင်ရာဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၄
(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်
(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ
(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ
(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု
(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု
(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး
(ဆ) လူငယ်နှင့် ယဉ်ကျေးမှု
(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး
(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊

အဟာန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၈
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟာန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၂၀

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၂၁

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၃
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၇

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၈
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၃၁
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ** ၃၃

(၁) လူမှုစီးပွားရေး အခြေအနေ
**ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**
**ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား**
**ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**
**ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**
**ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ**
**ဇယား ၆ ဥစ္စာဓနအဆင့် အခြေအနေ**
**ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ**

ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

(၂) ကျေးရွာ၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုမြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ
ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှုနှင့် အာဟာရဆန်းစစ်မှု
ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေရရှိနိုင်မှု
ဇယား ၃၈ အိမ်သာ အမျိုးအစား
ဇယား ၃၉ ကျား-မ ကိစ္စရပ်ဆိုင်ရာ

ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
**ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ**
**ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ**
**ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ**
**ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု**
**ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ**

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၆၉**
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

**နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၇၁**

**ကျေးရွာကော်မတီဝင်စာရင်း ၇၄**

**ကိုးကားစာရင်း ၇၅**

အတိုကောက်စကားလုံးများ

| | |
|---|---|
| AIDS | ခုခံအားကျဆင်းမှုရောဂါ |
| DRD | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| HIV | ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ် |
| MADB | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် |
| MEB | မြန်မာ့စီးပွားရေးဘဏ် |
| MMK | မြန်မာကျပ် |
| MoALI | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| NGO | အစိုးရမဟုတ်သောအဖွဲ့အစည်း |
| PRA | ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း |
| SLRD | ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန |

| | |
|---|---|
| STD | လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ |
| PTA | မိဘဆရာအသင်း |
| TB | တီဘီရောဂါ |
| VDG | ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ |

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၀/၂၀၂၁ ဘဏ္ဍာရေးနှစ်မှ ၂၀၂၅/၂၀၂၆ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက် ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက် ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီး ဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများ မှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

မတ်လ၊ ၂၀၂၁

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ပါဟတ်ကျေးရွာ
ကျေးသီးမြို့နယ်

# ပါဟတ်ကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ကျေးသီးမြို့နယ်



# ပါဟတ်ကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်



ရာသီခွင်ပြပြက္ခဒိန်ရေးဆွဲခြင်း

ကျေးရွာ၏ တနှစ်တာအဖြစ်အပျက်များကိုရာသီခွင်ပြပြက္ခဒိန်ရေးဆွဲခြင်း

| အဖြစ်အပျက်များ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရာသီဥတု | အလွန်ပူ | အလွန်ပူ | သင့် | မိုးရွာ | မိုးရွာ | မိုးရွာ | သင့် | အေး | အလွန်အေး | အလွန်အေး | သင့် | ပူ |
| အလုပ်အကိုင် | - | တောင်ယာ | လယ် | ကောက်စိုက် | ကောက်စိုက် | ပြောင်းသိမ်း | ပြောင်းသိမ်း | ကောက်ရိတ် | စပါးသိမ်း | စပါးသိမ်း | — | တောင်ယာ |
| အသုံးစရိတ် | နည်း | နည်း | များ | များ | များ | များ | များ | များ | နည်း | နည်း | နည်း | များ |
| ချေးငွေလိုအပ်မှု | - | - | - | လို | လို | လို | လို | - | — | — | — | — |
| ဝမ်းစာဖူလုံမှု | လုံလောက် | လုံလောက် | လုံလောက် | လုံလောက် | လုံလောက် | လုံလောက် | လုံလောက် | လုံလောက် | လုံလောက် | လုံလောက် | လုံလောက် | လုံလောက် |
| သောက်သုံးရေရရှိမှု | သင့် | နည်း | နည်း | များ | များ | များ | သင့် | နည်း | | | | |
| တိရစ္ဆာန်အစာရရှိမှု | နည်း | နည်း | နည်း | နည်း | နည်း | နည်း | နည်း | နည်း | ပေါ | ပေါ | ပေါ | ပေါ |
| တိရစ္ဆာန်ရောဂါကျရောက်မှု | - | ဖျားနာ/ချွဲနာ | ဖျားနာ/ချွဲနာ | | - | - | — | - | - | — | — | — |
| ကျန်းမာရေး (ဖျား၊ နာခြင်း) | - | - | ဝမ်းပျက်/ဖျား | - | — | - | နှာစေး/ချောင်းဆိုး | နှာစေး/ချောင်းဆိုး | - | - | - | - |
| သီးနှံပိုးမွှားရောဂါကျရောက်မှု | - | — | — | — | - | — | — | — | — | — | — | - |
| ပွဲတော် | သင်္ကြန်ပွဲ | ညောင်ရေသွန်းပွဲ | [illegible] | ဝါဆိုပွဲ | အလှူပွဲ | အလှူပွဲ | သီတင်းကျွတ်ပွဲ | ကထိန်ပွဲ | ရှမ်းနှစ်သစ်ကူးပွဲ | ကောက်သစ်လှူပွဲ | ထမနဲပွဲ | တပေါင်းပွဲ |
| သဘာဝဘေးအန္တရာယ် | - | — | — | - | — | - | — | — | — | - | — | - |

## ပါဟတ်ကျေးရွာ **Veng Diagram**


ရွာတွင်း ၊ ရွာပြင် အဖွဲ့အစည်း ချိတ်ဆက်မှု ပြဇယား
ဝမ်ဝ ကျေးရွာ ရွာတွင်း / ရွာပြင် ဆက်သွယ်ဆောင်ရွက်နေသော အဖွဲ့အစည်း
ရွာတွင်းအဖွဲ့အစည်း
၁.တောင်သူဦးစီး
၂.ကော်မတီအဖွဲ့
၃.ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
၄.လူငယ်အဖွဲ့
၅.ကျန်းမာရေးဌာန
၆.လူမှုခေါင်းဆောင်အဖွဲ့
၇.အမျိုးသမီးအဖွဲ့
၈.ဘောလုံးကိုင်အဖွဲ့
ရွာပြင်အဖွဲ့အစည်း
၁.ကျေးလက်
၂.မြစ်မင်းရောင်

# အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

## ၁ နိဒါန်း

### ၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကိုလေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်ထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွနုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလ အပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

### အစိုးရနှင့် အခြားအဖွဲ့အစည်းများအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

## ၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက် သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ပါဟတ် ကျေးရွာသည် ကျေးသီးမြို့မှ (၂၆)မိုင်အကွာတွင် တည်ရှိပြီး အရှေ့ဘက်တွင် ဟာဝမ်ကျေးရွာ၊ အနောက်ဘက်တွင် ဖတ်နမ်ကျေးရွာ၊ တောင်ဘက်တွင် နားပန်ကျေးရွာနှင့် မြောက်ဘက်တွင် နောင်ဟုတ်ကျေးရွာတို့တည်ရှိသည်။ ကျေးရွာသည် မြေပြန့်ဒေသတွင်တည်ရှိပြီး အဓိကသက်မွေးဝမ်းကျောင်း လုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ ဒေသ၏တစ်နှစ်ပျမ်းမျှ မိုးရေချိန်လက်မမှ ၅၀နှင့် အထက် ရရှိသည့်အပြင် ကျေးရွာ၏အရှေ့ဘက်တွင် တောင်များတည်ရှိကာ အနောက်ဘက်တွင်မြေပြန့်ရှိပြီး အသက်မွေးဝမ်းကျောင်းအတွက် စိုက်ပျိုးရေး လုပ်ငန်းကို အဓိကထားလုပ်ကိုင်ပါသည်။လယ်ယာမြေများသည် စပါး၊ ပြောင်းတို့ကို စိုက်ပျိုးထုတ်လုပ်ရန်နှင့် အဓိက အားထားရာ ဖြစ်သည်။

### (ခ) သဘာဝအရင်းအမြစ်

ကျေးရွာသည် မိုးရေကိုအားထားပြီး စိုက်ပျိုးရေကို အခက်အခဲဖြစ်နေသဖြင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် ခက်ခဲပါသည်။ ကျေးရွာတွင် လယ်မြေအသင့်အတင့်ရှိပြီး မြေဆီအသင့်အတင့် ကောင်းမွန်သည်။ ရေသောက်ဧက (၇၀)ခန့်ရှိပြီး စပါးကို သာအဓိကစိုက်ပျိုးသည်။ ယာမြေများတွင် ပဲစင်းငုံနှင့် ပြောင်းတို့ကို အဓိက စိုက်ပျိုးသည်။ ကျေးရွာတွင် သဘာဝတွင်းထွက်သယံဇာတ မထွက်ရှိပါ။ အနီးရှိတောတောင်မှ သဘာဝတိရစ္ဆာန်မျိုးစိတ်များလည်း ရရှိနိုင်မှု နည်းပါးလာပြီ ဖြစ်သည်။

## ၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း (၃၃)စုနှင့် ကျား(၆၇)ဦး၊ မ(၉၀)ဦးဖြင့် လူဦးရေပေါင်း(၁၅၇)ဦးရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၄)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်း ၅ ဦးထက် နည်းပါသည်။ ကျေးရွာတွင် ရှမ်းတိုင်းရင်းသား တစ်မျိုးတည်းသာနေထိုင်ကြပြီး အလုပ်လုပ်နိုင်သည့် အရွယ်သည် ကျေးရွာရှိလူဦးရေအားလုံး၏ ၇၆%ရှိပြီး အမျိုးသားအရေအတွက်မှာ အမျိုးသမီးအရေအတွက်ထက် အနည်းငယ်နည်းသည်။

### (ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ကျေးရွာ၏ အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ဝင်ငွေအနေအထားမှာ သာမန်အားဖြင့် အသင့်အတင့်ကောင်းမွန်သည်။ ဆင်းရဲချမ်းသာအဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စု အားလုံး၏ ၃၆%သည် ဆင်းရဲနှင့် အလွန်အိမ်ထောင်စုအဆင့်အဖြစ် သတ်မှတ် ကြပြီး ၂၄%သည် ချမ်းသာသည့်အဆင့်၊ ၃၉ %သည် အလယ်အလတ်အဆင့်ရှိကြသည်ဟု သတ်မှတ်ကြသည်။ ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှု၊ လက်လှမ်းမှီမှုနှင့် ချောင်းရေသွင်းစိုက်ပျိုးနိုင်မှု တို့ကြောင့် ကျေးရွာစီးပွါးရေးအနေအထားမှာ အသင့်အတင့် ကောင်းသည်ဟု ပြောနိုင်သည်။ ချမ်းသာသောလယ်သမား အိမ်ထောင်စုများအပြင် အခြား လယ်သမားအိမ်ထောင်စုအချို့မှာလည်း နေ့စားလိုက်ခြင်း၊ လက်သမားနှင့် ပန်းရံ အသေးစား အိမ်တွင်းလုပ်ငန်းများတွင်လည်း ပါဝင်ဆောင်ရွက်ကြသည်။ ယင်းတို့အနက် ဆင်းရဲအဆင့်သည် ကျေးရွာတွင် အများဆုံးဖြစ်ပြီး မြေယာအနည်းငယ်မျှပိုင်သော လယ်သမားများ၊ လက်လုပ်လက်စားနှင့် မြေယာမဲ့ အိမ်ထောင်စုများ ပါဝင်သည်။

## (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုများသည် ကျေးရွာတွင်းနှင့် အနီးရှိ ကျေးရွာများသို့ ရာသီအလိုက် စိုက်ပျိုးရေးလုပ်ငန်းများတွင် နေ့စားအဖြစ်ဝင်ရောက်လုပ်ကိုင်ကြပြီး ဆောက်လုပ်ရေးလုပ်ငန်း၊ လက်လီဈေးရောင်းခြင်း လုပ်ငန်းများတွင်လည်း လုပ်ကိုင်ကြသည်။ အကြွေးတင်ရှိမှုတွင် တွေ့ဆုံခဲ့သော အိမ်ထောင်စုအားလုံးသည် အကြွေးငွေ တင်ရှိနေကြသည်။ ချေးငွေအများစုကို ကျေးရွာရှိ ငွေတိုးချေးသူများထံမှ အများဆုံး ချေးယူကြပြီး စိုက်ပျိုးရေးလုပ်အားခ ကြိုယူခြင်းများလည်း ရှိကြောင်းတွေ့ရသည်။ ကျေးရွာသည် မြစိမ်းရောင်ချေးငွေ ရရှိသော်လည်း စိုက်ပျိုးရေးစရိတ်ချေငွေနှင့် သမဝါယမချေးငွေများ မရရှိပါ။ ချေးငွေများကို စားသုံးရန်နှင့် ဝင်ငွေရအလုပ်အကိုင်များအတွက် အများဆုံး အသုံးပြုကြသည်။

ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အိမ်ထောင်စုအနေဖြင့် ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စု (၆)စု ရှိပါသည်။ ထိခိုက်သက်ရောက်မှုအမျိုးအစားတွင် သစ်တောပြုန်းတီးမှု၊ စားနပ်ရိက္ခာမဖူလုံမှု၊ စိုက်ပျိုးမြေရှားပါးမှုတို့ကို အသင့်အတင့် အနေအထားတွေ့ရပြီး၊ မီးဘေး၊ ဌက်ဖျားရောဂါ ဖြစ်ပွားမှု၊ တီဘီရောဂါ ဖြစ်ပွားမှု၊ တိရစ္ဆာန်ကူးစက်ရောဂါ ကျရောက်မှုနှင့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုများကို နိမ့်သည့် အနေအထားများ တွေ့ရသည်။ ကျန်ထိခိုက်သက်ရောက်မှု အမျိုးအစားများ မရှိပါ။ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများအတွက်အုပ်စုအလိုက် ခွဲခြား သတ်မှတ်ရာတွင်လည်း ထိခိုက်သက်ရောက်မှု အသင့်အတင့်နှင့်နိမ့်အဆင့်များကို အများဆုံးတွေ့ရသည်။

## (ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီးအစားအစာ ပြည့်ဝမှု ရှိကြသည်။ ကလေးငယ်အများစုလည်း ကျန်းမာကြသည်။ မူလတန်းကျောင်းတွင် ကျောင်းသူ/သားများကို တစ်နှစ်လျှင် တစ်ကြိမ် အာဟာရတိုက်ကျွေးမှုများရှိပြီး အမျိုးသမီး၊ လူငယ်လူရွယ်၊ သက်ကြီးပိုင်းအများစုတို့သည်လည်း တကိုယ်ရည် သန့်ရှင်းရေးနှင့် ကျန်းမာရေး အသိအမြင်များ အသင့်အတင့်ရှိကြသည်။ ကျေးရွာသားများအနေဖြင့် အခြေခံကျန်းမာရေး စောင့်ရှောက်မှုများကို ကျေးရွာနှင့် (၂၂)မိုင်ခန့် ကွာဝေးသော ကျေးသီးမြို့နယ် ဆေးရုံတို့တွင် ရရှိနိုင်သည်။

ကျေးရွာတွင် ရေတွင်း၊ စိမ့်စမ်းရေကို အလွယ်တကူ လုံလောက်စွာရနိုင်ကြပြီး ဝမ်းပျက်ဝမ်းလျှော၊ တိုက်ဖွိုက်၊ အစာအိမ်ရောင်စသော ရောဂါ ဖြစ်ပွါးမှုများ နည်းပါးကြောင်း တွေ့ရသည်။

## (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် နိမ့်ကျလျက်ရှိကြောင်း တွေ့ရှိရပါသည်။ စာမတတ် သူဦးရေသည် ကျေးရွာရှိ ၅နှစ်အထက် လူဦးရေ၏ ၄၅%ရှိပြီး မူလတန်းအဆင့် ရှိသူမှာ ကျေးရွာရှိ ၅နှစ်အထက် လူဦးရေ၏ ၃၀% ဘွဲ့ရအရေအတွက်မှာ ၅နှစ် အထက်လူဦးရေ၏ ၀ %သာ ရှိသည်။ ကျေးရွာတွင် အခြေခံ ပညာရေးကို ရွာထဲရှိမူလွန်ကျောင်းနှင့် အလယ်တန်းပညာရေးအတွက် နှင့် အထက်တန်းကျောင်းပညာတို့အတွက်ကျေးသီးမြို့တွင် တက်ရောက်သင်ကြားနိုင်ကြသည်။ သို့သော် သက်မွေး ဝမ်းကျောင်းလုပ်ငန်းများဆိုင်ရာ ကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် ကျွမ်းကျင်မှု အခြေခံသည့် အလုပ်အကိုင် အခွင့်အလမ်းများသည်လည်း နည်းပါးဆဲဖြစ်သည်။

## (စ) ကျားမဆိုင်ရာဆက်နွယ်မှု

ကျေးရွာတွင် ကျားမဆိုင်ရာဆက်နွယ်မှု အနေအထားမှာ တည်ငြိမ်ကောင်းမွန်ပါသည်။ မိသားစုအတွင်ကျား/မတို့၏ အခန်းကဏ္ဍအသီးသီးကို ရပ်ရွာသတ်မှတ်ချက်များအတိုင်း ကျင့်သုံးကြပါသည်။ ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်း ကိစ္စများ မတွေ့ရပါ။

ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့်ပညာရေးနှင့် အခြားနယ်ပယ် များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ ပညာရေးနှင့်ဆိုင်သော ကိန်းဂဏန်းများတွင် မူလတန်း၊ အလယ်တန်းနှင့်အထက်တန်းများရှိ ကျား၊ မအရေအတွက်မှာ အလွန်ကွာခြားမှုမရှိသဖြင့် အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးမှာ အမျိုးသားများနှင့် အတူတူပင်ဖြစ်သည်။ သို့သော် ကျေးရွာတွင် နေ့တွက် လုပ်အားခငွေများမှာ အမျိုးသားများက ပိုမိုရကြသည်။ ဥပမာအားဖြင့် လုပ်အားသဘာဝနှင့် အင်အားစိုက်ထုတ်ရမှု တူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားခလျှော့နည်းပြီး ရကြသည်။

အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်မူ အမျိုးသမီးပါဝင်မှုတို့မှာ အလွန်လျော့နည်းလျက်ရှိသော်လည်း အခြားလူမှုရေးအသင်းအဖွဲ့များတွင်မူ အမျိုးသမီးပါဝင်မှု အသင့်အတင့်ရှိကြသည်။ ကျားမတန်းတူ ညီမျှမှုနှင့်ပါတ်သက်၍ အသိပညာပေးခြင်းများကို မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျားမတန်းတူ ညီမျှမှု၊ ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ ဖြစ်လာနိုင်ပါသည်။

## ၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ပါဟတ်ကျေးရွာဖွံ့ဖြိုးရေးအတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ တောင်သူဦးကြီးအဖွဲ့ ၊လူငယ်အဖွဲ့ ၊ ကော်မတီအဖွဲ့၊ ကျန်းမာရေးအဖွဲ့၊ လူပျိုခေါင်းဆောင်အဖွဲ့၊ အမျိုးသမီးအဖွဲ့၊ ဘော်လုံးကိုင်အဖွဲ့ ဟူ၍(၈)ဖွဲ့သာရှိပြီး ကျေးရွာ၏ ဖွံ့ဖြိုးရေး၊ လူမှုရေး၊ သာရေးနာရေးကိစ္စများကို ဆောင်ရွက်ကြသည်။ ကျေးရွာသည် အဖွဲ့အစည်းများဖွဲ့စည်းပြီး လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး အစရှိသည့် လူမှုရေးလုပ်ငန်းများကို အတူတကွ လှုပ်ရှားဆောင်ရွက်သည့် အလေ့အထ နည်းပါးသည်။ အဖွဲ့အစည်းဆိုင်ရာ သဘောတရား တို့နှင့် ပါတ်သက်၍ ယေဘုယျအားဖြင့် အားနည်းကြပြီး အဖွဲ့အစည်းများ စွမ်းဆောင်ရည် မြှင့်တင်ရေး သင်တန်းများရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု ပိုမိုတိုးတက်ကောင်းမွန် လာနိုင်ပါသည်။

### (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် စပါး၊ ပြောင်း၊ တို့ကို အဓိကထား စိုက်ပျိုးကြသည်။ မိုးစပါးစိုက်ဧက ၁၁၄ ခန့် ရှိပြီး တောင်ယာအဖြစ် ပြောင်းသီးနှံကို စိုက်ပျိုးကြသည်။မိုးစပါး၁ဧက ပျှမ်းမျှအထွက်မှာ ၁၀တင်း ၊ ပြောင်း၁ဧကအထွက်နှုန်းမှာ ၁၀၀၀နှင့် ၁၅၀၀တင်းနှုန်း ရှိကြသည်။ စိုက်ပျိုးရေး ဦးစီးဌာနမှ နည်းပညာနှင့်ဝန်ဆောင်မှုများ ရရှိနိုင်ကြပြီး စိုက်ပျိုးရေးပစ္စည်း ကုမ္ပဏီများမှလည်း တောင်သူများ အတွက် ဝန်ဆောင်မှု ပေးကြသည်။ ကျေးရွာအတွက် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးဆောင်ပြီး မျိုးစပါး စိုက်ပျိုးထုတ်လုပ်ရေးဆောင်ရွက်ခြင်း၊ သီးနှံစံပြစိုက်ကွက်များ နမူနာစိုက်ပျိုးခြင်းများ ရှိသည်။ တောင်သူအများစုသည် လယ်ယာလုပ်ငန်းခွင်အတွက် အလုပ်သမားမလုံလောက်မှု ပြဿနာကို ရင်ဆိုင်တက်ရပြီး လုပ်အားခ ပိုမိုပေးမှ အလုပ်သမားများကို ငှားရမ်းရရှိနိုင်ကာ ကုန်ကျစရိတ် မြင့်မားရသည်။ သီးနှံစိုက်ခင်းများတွင် ယခုနှစ်များတွင် ဖျက်ပိုးကျရောက်မှုကို ပိုမိုတွေ့ရပြီး ထိရောက်သော ဖျက်ပိုးနှိမ့်နှင်းရေးနည်းစနစ်နှင့် ဆေးဝါးတို့အတွက် စိုက်ပျိုးရေးဦးစီးဌာနမှ လိုအပ်သလို ကူညီဆောင်ရွက်ပေးမှုများရှိသည်။

ကျေးရွာတွင် လက်တွန်းထွန်စက် (၂၆)စီး ရှိပြီး အပိုင်မရှိသည့်တောင်သူများသည် ငှါးရမ်းထွန်ယက်ကြရာတွင် လယ်ထွန်စက် တစ်နာရီ ကာလပေါက်ဈေး ၃၀၀၀၀/-ကျပ်ဖြင့်

လည်းကောင်း၊ လက်တွန်းထွန်စက် တစ်နာရီ ကာလပေါက်ဈေး ၅၀၀၀/-ကျပ် ဖြင့်လည်းကောင်း ငှားရမ်းအသုံးပြုကြသည်။ ထို့ကြောင့် လယ်ယာလုပ်ကိုင်သူ တောင်သူများက ငါးရမ်းခဈေးနှုန်းသက်သာစွာ ရရှိငှါးရမ်းနိုင်ရေးနှင့် လယ်ယာသုံး စက်ကိရိယာများကို အရစ်ကျဝယ်ယူနိုင်ရေးအတွက် လိုလားနေကြသည်။

ကျေးရွာတွင် ပြောင်းနှင့် မြေပဲကို အဓိက စိုက်ပျိုးကြပြီး ကျေးရွာမှ အလုပ်သမားများအတွက် လယ်ယာလုပ်ငန်းခွင်တွင် နေ့စားလုပ်ကိုင်သူများသည် တစ်နေ့ ၅၀၀၀/- ၁၀၀၀၀/- ကျပ်ရရှိသည်။ တစ်နှစ်အတွင်း အလုပ်လုပ်ရက်ပေါင်းမှ (၉၀)ခန့် ရှိတတ်သည်။ လုပ်အားခရရှိမှုမှာ ကျားနှင့် မအတွက် မတူညီနိုင်ပဲ ကျားလုပ်အားခက အမြဲတမ်းလိုလို ပိုနေတတ်သည်။ ကျေးရွာ တွင် မွေးမြူရေလုပ်ငန်း လုပ်ကိုင်သောအိမ်ထောင်စု တစ်စုနှင့် စိုက်ပျိုးရေးလုပ်ငန်းတွင် အသုံးပြုရန် ကျွဲမွေးမြူသည့် အိမ်ထောင်စုမများပါ။

## (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းမရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများမှာ လယ်ယာလုပ်ငန်းခွင်နှင့် ကျောက်ခွဲလုပ်ငန်းများတွင် နေ့စားအလုပ်လုပ်ကိုင်ခြင်း၊ လက်သမား၊ ပန်းရံလုပ်ငန်းနှင့် ဈေးရောင်းလုပ်ငန်းတို့ ဖြစ်ကြသည်။ လုပ်ငန်းအများစုမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက် တွက်ခြေကိုက်မှု အနည်းအပါးမှ အသင့်အတင့်အနေအထားတွင်ရှိသည်။

ပန်းရံ၊ လက်သမားများ၏ ဆရာအဆင့်လုပ်အားခမှာ တစ်နေ့ ၁၀,၀၀၀/- ကျပ် ရနိုင်ပြီး အလုပ်သမားအဆင့်သည် ၅၀၀၀/- မှ ၇,၀၀၀/-ကျပ် ရရှိသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သောဦးရေမှာ စုစုပေါင်းလူဦးရေ၏ ၇၆% ရှိပြီး ကျေးရွာအတွက် လူ့အရင်းအမြစ် အလားအလာကောင်း တစ်ရပ်ဖြစ်သည်။ မြို့ပေါ်တွင် သက်မွေးဝမ်းကျောင်းသင်တန်းအချို့ကို ဝန်ဆောင်မှုပေးနိုင်သော လုပ်ငန်းများရှိကြသည်။ အပ်ချုပ်၊ ဇာထိုးပန်းထိုး၊ ဆံပင်အလှပြင်၊ မုန့်လုပ်နည်း၊ မော်တော် ဆိုင်ကယ်ပြင်၊ မိုဘိုင်းဖုန်းပြင်၊ ကားမောင်း၊ ဝပ်ရှော့စသည်တို့သည် သက်မွေးဝမ်းကျောင်း သင်တန်းများဖြစ်ကြသော်လည်း ရွာသားအများစုသည် အဆိုပါ သင်တန်းများနှင့် အထိအတွေ့ နည်းပါးကြသည်။ လုပ်ငန်းခွင်သုံးပညာအရည်အချင်းပိုင်း နိမ့်ကျကြပြီး ကျွမ်းကျင်မှုအခြေခံသည့် အလုပ်အကိုင်ရရှိမှု အားနည်းသည်။

## (ဃ) သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု

ကျေးရွာတွင် ပြောင်းနှင့် စပါးစိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်သဖြင့် ဓါတုပိုးသတ် ဆေးသုံးစွဲမှု များပြားလာခြင်း၊ ဓါတုမြေသြဇာသုံးစွဲမ များပြားခြင်းတို့ကြောင့် မြေဆီလွှာ အရည်အသွေး ကျဆင်းလာနိုင်သည်။ တောင်သူများအနေဖြင့် ဓါတုပိုးသတ်ဆေးများကိုသာ

အသုံးပြုမှုများပြားသည်။ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုတွင်လည်း ပလစတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျမစွန့်ပစ်ကြသဖြင့် သဘာဝပါတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။

ဤကျေးရွာမှာ မြေမြင့်သောအပိုင်းတွင်တည်ရှိ၍ ရေကြီးရေလွှမ်းခြင်းမှ ကင်းဝေးသည်။ ကုန်းတွင်းဒေသဖြစ်ခြင်းကြောင့်လည်း ရေကြီးရေလွှမ်းခြင်းနှင့် မုန်တိုင်းဘေးအန္တရာယ်တို့ နည်းပါးသည်။

## (c) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ပါဟတ်ကျေးရွာသည် ကျေးသီးမြို့ရှိ ပုဂ္ဂလိက ငွေတိုးချေးသူများထံမှအပ အခြားမည့်သည့် ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများ မရရှိပါ။ ကျေးရွာသားအများစုသည် ချေးငွေကို အဓိကအားဖြင့် ရိက္ခာနှင့် ဝင်ငွေရလုပ်ငန်း ဆိုင်ရာကိစ္စရပ်များအတွက် အသုံးပြုကြသည်။ ကျေးရွာတွင် သမဝါယမအသင်းကို ဖွဲ့စည်းထားခြင်း မရှိသဖြင့် မြို့နယ်သမဝါယမဦးစီးဌာနမှလည်း ချေးငွေမရရှိပါ။ ကျေးရွာတွင် ဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်းစုသည် စုစုပေါင်းအိမ်ထောင်စု၏ ၃၆%ရှိပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအတွက် အထိုက်အလျောက်များပြားသည် ကာလတို၊ ကာလလတ်နှင့် ကာလရှည်ချေးငွေ လိုအပ်ချက် ရှိကြောင်း တွေ့ရှိရပါသည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် စာသင်ကျောင်းမရှိသဖြင့် ရွာသားအားလုံး၏ ၂၄ %သည် စာမတတ်သူများ ဖြစ်ကြပြီး ၁၅%မှာ မူလတန်းအဆင့် ရှိကြသည်။ ထိုကြောင့် မြို့နယ်အခြေခံပညာရေးဦးစီးဌာနနှင့် ချိတ်ဆက်ပြီး လိုအပ်ချက်များတင်ပြတောင်းဆိုရန် ဆန္ဒရှိကြသည်။

ကျေးရွာတွင် ရေတွင်း၊ စိမ့်စမ်းရေအလွယ်တကူရနိုင်ကြပြီး ဝမ်းပျက်ဝမ်းလျှော၊ တိုက်ဖွိုက်၊ အစာအိမ်ရောင်စသော ရောဂါ ဖြစ်ပွါးမှုများ နည်းပါးကြောင်း တွေ့ရသည်။ ရွာသူရွာသားများအတွက် ကျန်းမာရေးဝန်ဆောင်မှု တို့ကို (၂၆)မိုင်ခန့် ကွာဝေးသော ကျေးသီးမြို့နယ်ဆေးရုံတွင် ရရှိနိုင်သည်။

## (ဆ) လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့်အနေအထား သီးသန့်မရှိသော်လည်း ဘောလုံးကွင်းနှင့် ဘော်လီဘောကွင်းများရှိသည်။ လူငယ်များသည် ကျေးရွာရှိလူမှုရေး လုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြပြီး ဘာသာရေးပွဲတော်များတွင်လည်း ရိုးရာ အကများဖြင့် တင်ဆက်ပါဝင်ကြသည်။ သို့ရာတွင် ယခုနှစ်များတွင် လူငယ်များ

မူးယစ်ဆေးဝါးသုံးစွဲမှု များပြားလာသဖြင့် မူယစ်ဆေးဝါးကင်းစင်ရေးနှင့် လူငယ်များအတွက် ပညာပေးဟောပြောပွဲများ ကျင်းပပေးရန် လိုအပ်လျက် ရှိသည်။

**(ဇ) အခြေခံ အဆောက်အဦး - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး**

ကျေးရွာရှိ ရွာတွင်းလမ်းမှာ မြေသားလမ်းဖြစ်ပြီး ကားနှင့်ထော်လာဂျီများကို အသုံးပြုမောင်းနှင်ကြသည်။ ရေလမ်းခရီး အသုံးပြုမှုမရှိပဲ လမ်းပန်းဆက်သွယ်ရေးအတွက် စက်ဘီး ၄စီး၊ မော်တော်ဆိုင်ကယ် ၄၅ စီး၊ ထော်လာဂျီ ၆ စီးနှင့် ကား ၁၁ စီး တို့ကို အသုံးပြုလျက် ရှိကြသည်။ ကျေးရွာသည် လျှပ်စစ်မီးအသုံးပြုနိုင်ခြင်းမရှိသေးဘဲ မိသားစုသုံးဆိုလာမီးကိုသာ အသုံးပြုကြရသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းတာဝါတိုင်မရှိသဖြင့် ဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများ အတွက် လက်လှမ်းမှီ အသုံးပြုနိုင်ကြရန်အတွက် တာဝါတိုင်ရရှိနိုင်ရန်လိုလားနေကြသည်။ ကျေးရွာတွင် စာကြည့်တိုက်အဆောက်အဦမရှိသေးပါ။ ရွာသားများသည် သတင်းစာ၊ ဂျာနယ်တို့ကိုလည်း ဝယ်ယူဖတ်ရှုဖို့ မရနိုင်ပါ။ တစ်ရွာလုံး အသိပညာအရမ်းနည်းပါးပါသည်။

**(ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး**

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွါးမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည် ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ သို့သော် ရွာသားများသည် မိုဘိုင်း တယ်လီဖုန်းဆက်သွယ်ရေးကို အသုံးပြုနိုင်ကြပြီး လိုအပ်သော သတင်းအရင်းအမြစ်များအတွက် လိုအပ်သလို ဆက်သွယ်သိရှိနိုင်ပါသည်။ အာမခံစနစ်ကို ချိတ်ဆက်အသုံးပြုနိုင်သော်လည်း ချိတ်ဆက်ဆောင်ရွက်ထားသူမရှိသလောက်ပင် ဖြစ်သည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ်လျှော့ပါးရေးအစီအစဉ် သီးသန့်ရေးဆွဲထားခြင်း မရှိပါ။ ရွာသားများသည် ကျေးသီးမြို့နယ်ရဲစခန်းသို့ အလွယ်တကူ ချိတ်ဆက် နိုင်ပြီး ကျေးရွာတွင်ရာဇဝတ်မှုဖြစ်ပွါးခြင်းနည်းပါးသည်။

**၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ**

**(က) ဖွံ့ဖြိုးရေး အတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ**

ပါဟတ်ကျေးရွာသည် ပထဝီဝင်အနေအထားအရ မြေပြန့် ဒေသတွင်တည်ရှိပြီး ကျေးသီးမြို့နှင့် (၂၆)မိုင်အကွာတွင် တည်ရှိပါသည်။

ပါဟတ်ကျေးရွာနှင့်အနီးဆုံးဈေးမှာ ဟာဝမ်ဈေးဖြစ်ပြီး၊ လျှပ်စစ်ပစ္စည်းနှင့် ရွှေထည် ပစ္စည်းမှလွဲပြီး အမယ်စုံလင်စွာရရှိနိုင်ပေသည်။ အရေးပေါ်လိုအပ်ပါက ကျေးသီးမြို့မဈေး သို့ အလွယ် တကူသွားရောက်ဝယ်ယူ ရရှိနိုင်ပေသည်။

လူဦးရေအားလုံး၏ ၇၆%မှာ အလုပ်လုပ်နိုင်သည့် အရွယ်များဖြစ်ကြပြီး ကျွမ်းကျင်မှုနှင့် သက်မွေးဝမ်းကျောင်းသင်တန်းများကို လူငယ်များအား လေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ်များကို တိုးတက်ကောင်းမွန်လာစေပါမည်။ ကျေးရွာလူထု၏ ကျန်းမာရေး အခြေအနေမှာ ယေဘုယျအားဖြင့် ကောင်းမွန်ပြီး ကျန်းမာရေးပံ့ပိုးပစ္စည်းများနှင့် ဝန်ဆောင်မှု များသို့လည်း အလွယ်တကူ လက်လှမ်းမီနိုင်ကြသည်။ ကျေးရွာသားများအနေဖြင့် စိုးရိမ် ရသောဆေးဝါးကုသလိုမှုအတွက်လည်း ကျေးသီးမြို့နယ်ဆေးရုံနှင့် လွိုင်လင်ခရိုင်ဆေးရုံများသို့ သွားရောက်ပြီး ဆေးကုသမှုများ ခံယူနိုင်ကြသည်။

သဘာဝအရင်းအမြစ်များတွင် လယ်မြေများသည် မြေပြန့်ဖြစ်ပြီး မြေဆီသြဇာ အတော်အသင့် ကောင်းမွန်သည်။ စပါးနှင့် ပြောင်းတို့ကို အဓိကစိုက်ပျိုးကြပြီး၊ သီးနှံစိုက်ပျိုးမှုအား လွန်စွာအထောက်အကူ ဖြစ်စေသည်။ ထိုပြင် စိုက်ပျိုးမြေ အနည်းငယ်တိုးချဲ့နိုင်သည်။

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွါးမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်း ရောင်းဝယ်မှုကို ချောမွေ့စေသည်။ ကျေးရွာတွင်မိုဘိုင်းဖုန်းအသုံးပြုရန်အတွက်တာဝါတိုင်မရှိသ ဖြင့် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို အသုံးမပြုနိုင်ခြင့်မရှိသောကြောင့် အခြားသတင်းအချက်အ လက်များ အတွက် ချိတ်ဆက်အသုံးပြုနိုင်ခြင်းမရှိပါ။

## (ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

ပါဟတ်ကျေးရွာရှိ လယ်ယာမြေများမှာ မြေဆီသြဇာ အသင့်အတင့်ကောင်းမွန်ပြီး စိုက်ပျိုးရေ လုံလောက်စွာ ရရှိနိုင်သည်မှအပ အခြားသယံဇာတများ မထွက်ရှိပါ။

ကျေးရွာတွင် လမ်းများသည် မြေသားလမ်းများ ဖြစ်ပြီး မိုးရာသီတွင် ပတ်ဝန်းကျင်ကျေးရွာများသို့ လည်းကောင်း၊ ကျေးသီးမြို့ပေါ်သို့ လည်းကောင်း ၊ သွားလာရန်ခက်ခဲသည်။ ထိုပြင် လယ်ယာထွက်ကုန်များ ကို အချိန်မီ သယ်ယူရောင်းချနိုင်ရန် အတွက် အခက်အခဲများ ကြုံတွေ့နိုင်ပါသည်။

ဓာတ်မြေသြဇာနှင့် ဓာတ်တုပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများ သုံးစွဲမှုများပြား လာသဖြင့် သဘာဝမြေသြဇာအသုံးပြုမှုနှင့် ဘက်စုံပိုးမွှားနှိမ်နင်းရေးကျင့်သုံးနိုင်ရေး နည်းပညာနှင့် အထောက်အပံ့များ ရရှိသုံးစွဲနိုင်ရန် လိုအပ်သည်။

ကျေးရွာတွင် ချေးငွေအတွက် ငွေတိုးချေးသူများရှိသော်လည်း အတိုးနှုန်း မြင့်မားတတ်သည်။ စိုက်ပျိုးစရိတ်ချေးငွေနှင့် သမဝါယမချေးငွေများ မရရှိပါ။ ဘဏ်များမှ ကျေးရွာအရောက်

ဝန်ဆောင်မှုပေးသောစနစ်လည်းမရှိပဲ ချေးငွေလိုအပ်သော အိမ်ထောင်စုများမှာ စီးပွါးရေးဘဏ်၊ ဖွံ့ဖြိုးရေးဘဏ်များမှ ငွေချေးရန် စာရွက်စာတမ်းလိုအပ်ချက်များဖြည့်စွက်ရာများတွင် အခက်အခဲကြုံတွေ့ရတတ်သည်။

ကျေးရွာတွင် အိမ်တွင်းမှုထုတ်ကုန်လုပ်ငန်းမရှိသဖြင့်အလုပ်အကိုင်နှင့် ဝင်ငွေပုံမှန်ရရှိရေးအတွက် အကန့်အသတ်ရှိနေပါသည်။ ဒေသတွင်လည်း အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းအတွက် ကုန်ကြမ်း၊ တတ်သိပညာ၊ အထိအတွေ့တို့ အားနည်းပါသည်။

ကျေးရွာတွင် ကျေးရွာအခြေပြုအဖွဲ့အစည်းများ ဖွဲ့စည်းမှုအားနည်းပြီး အစိုးရဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ချိတ်ဆက်ညှိုင်းနှိုင်းဆောင်ရွက်မှု လွန်စွာအားနည်းသည်။

ကျေးရွာတွင် မိုဘိုင်းဖုန်းအသုံးပြုမှု ရရှိနိုင်ရန် ဆက်သွယ်ရေးတာဝါတိုင် နှင့် ဝေးကွာသောကြောင့် လိုင်းစွဲအားမကောင်းဘဲ အင်တာနက်အသုံးပြုနိုင်မှုမှာလည်း မရှိပါ။ ထို့ပြင် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးသွယ်ယူ အသုံးပြုနိုင်ခြင်း မရှိသဖြင့် အိမ်တွင်မှုထုတ်ကုန်လုပ်ငန်းများ အားနည်းပြီး လူနေမှုအဆင့်အတန်း မြင့်မားလာစေရေးအတွက် အဟန့်အတားတစ်ခု ဖြစ်နေပါသည်.

### ၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

### (က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီး လာမည့်ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် စိုက်ပျိုးရေနည်းပညာနှင့် ဝန်ဆောင်မှုများ ရရှိအောင်ဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးထုတ်ကုန်ထုတ်လုပ်မှုမြှင့်တင်ခြင်း၊ ကျေးရွာတွင်းလမ်းနှင့်ရွာချင်းဆက်လမ်းများ၊ တံတားများ ပိုမိုကောင်းမွန်လာအောင် ဖန်တီးခြင်းဖြင့် ကျေးရွာလူထု၏ ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွါးရေးအနေအထား တိုးတက်မှု ရရှိစေမည်။

က.၂) ကျွန်ုပ်တို့ရွာလူထုသည် ပညာရေးဝန်ဆောင်မှု၊ ကျန်းမာရေးဆိုင်ရာဝန်ဆောင်မှုနှင့် ကျေးရွာအခြေခံအဆောက်အဦများကို တိုးတက်ကောင်းမွန်လာအောင် ဆောင်ရွက်ခြင်းဖြင့် ကျေးရွာသူ၊သားများ ပညာရည်မြင့်မားပြီး လူနေမှုဘဝတိုးတက် ကောင်းမွန်လာစေရမည်။

က.၃) ကျွန်ုပ်တို့ရွာလူထုသည် မူးယစ်ဆေးဝါး အန္တရာယ် အသိပညာပေးဟောပြောပွဲများ ကျင်းပခြင်း၊ သက်ဆိုင်ရာ အစိုးရဌာနများနှင့် ပူးပေါင်း၍ မူးယစ်အန္တရာယ် ပူပေါင်းနှိမ်နင်းခြင်းဖြင့် ကျေးရွာရှိလူငယ်များ မူးယစ်ဆေးသုံးစွဲမှု ပပျောက်ကာ လူမှုဘဝဖွံ့ဖြိုးတိုးတက်လာစေရမည်။ ကျေးရွာရှိလူငယ်များအား ဒေသနှင့်သင့်လျော်သော သက်မွေးသင်တန်းများ တက်ရောက်နိုင်စေရန်

ဆောင်ရွက်ခြင်းဖြင့် အချိန်ကို အကျိုးရှိစွာအသုံးပြုနိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ များပြားလာစေရမည်။

**(ခ) အကောင်အထည်ဖော်နည်းဗျူဟာ**

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

ခ.၁) ကျေးရွာတွင် အရင်းအနှီးဈေးငွေ၊ လယ်ယာသုံးစက်ကိရိယာအသုံးပြုနိုင်ရေးနှင့် နည်းပညာ အသုံးချနိုင်စွမ်းရရှိရေးတို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးလုပ်ငန်းများကို တိုးချဲ့ ဆောင်ရွက်သွားမည်။ အသေးစား ငွေကြေးလုပ်ငန်းနှင့် ချေးငွေများအတိုးနှုန်း သက်သာစွာဖြင့် ပိုမိုရရှိစေရန်အတွက် မြို့နယ်ရှိဘဏ်များ၊ ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကရင်းနှီးငွေရရှိနိုင်ရာ အခြားနေရာများနှင့် ချိတ်ဆက်ပေးမည်။ အရင်းအနှီးငွေများရရှိပါက စိုက်ပျိုးရေးလုပ်ငန်းအတွက် ခွဲဝေချထားပေးမည်။ ကျေးရွာတွင် ကျေးရွာလမ်းနှင့် ရွာချင်းဆက် လမ်းများ တိုးတက်ကောင်းမွန်ရေးအတွက် ဆောင်ရွက်သွားမည်။ ကျေးရွာလူမှုအဖွဲ့အစည်း များကိုလည်း ကျေးရွာ အခြေပြုလုပ်ငန်းများကို အကောင်အထည်ဖော် စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည်များ ပိုမိုရရှိအောင် ဆောင်ရွက်ရန် တိုက်တွန်းအားပေး ဆောင်ရွက်မည်။

ခ.၂) မိဘများ ပညာရေးကို ပိုမိုစိတ်ပါဝင်စားလာစေရန် မိဘဆရာအသင်း အစည်းအဝေးများ ကျင်းပခြင်း၊ ဟောပြောပွဲများ ကျင်းပခြင်း၊ ရန်ပုံငွေများရှာဖွေခြင်း၊ ဆရာ၊ဆရာမအိမ်ရာ၊ သင်ထောက်ကူပစ္စည်းနှင့် ကျောင်းပရိဘောဂ စံချိန်မီ ကျောင်းဆောင်ပြည့်စုံစွာ ရရှိရန် မြို့နယ်ဦးစီးဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းများ ပြုလုပ်သွားမည် ဖြစ်သည်။ လိုအပ်ပါက အလယ်တန်း၊ အထက်တန်း အဆင့် ကျောင်းများအထိ ရရှိအောင်တိုးမြှင့် ဆောင်ရွက်သွားမည်ဖြစ်သည်။

ခ.၃) ကျေးရွာရှိလူငယ်များအတွက် မူးယစ်ဆေးဝါး ရောင်းသူ၊ဝယ်သူ အသိပညာပေး ဟောပြောပွဲများ ကျင်းပခြင်း၊ မူးယစ်ဆေးဝါးနှိမ်နင်းရေးအတွက် ရပ်မိရပ်ဖများနှင့် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများနှင့် လက်တွဲပူးပေါင်းဆောင်ရွက်ခြင်း၊ မူးယစ်ဆေးစွဲသူများကို ကျန်းမာရေးဦးစီးဌာန၊ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ပြီး မူးယစ်ဆေးဖြတ်ရန် ဆောင်ရွက်သွားမည်။ တို့ပြင် လူငယ်များကို အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများ တက်ရောက်နိုင်ရန် သင့်တော်သော သင်တန်းသားများကို ရွေးချယ် စီစဉ်ပေးရမည်။ ထိုသင်တန်းများသည် သင်တန်းသားများအတွက် ကျွမ်းကျင်မှုများကို တိုးပွါးရရှိစေပြီး ဝင်ငွေရလုပ်ငန်းများ ထူထောင်တိုးချဲ့နိုင်ရန် အထောက်အကူပြုပေမည်။

**၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဇဟိုအဆင့်မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ**

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာန ဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာ အဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါမည်။

## (က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေး အစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့် အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျတ်ပမာဏပါဝင်သည့် နှစ်ပါတ်လည်ဖွံ့ဖြိုးရေးစီမံ ချက်ပြင်ဆင်ရန်ဖြစ်သည်။

## (ခ) ကျေးရွာတွင်းလမ်းနှင့် ကျေးရွာချင်းဆက်လမ်းအဆင့်မြှင့်ပြုပြင်ခြင်း

ကျေးရွာတွင်းလမ်းနှင့် ရွာချင်းဆက်လမ်းများမှာ မြေသားလမ်းဖြစ်ပြီး မိုးရာသီတွင် သွားလာရ လွန်စွာခက်ခဲပြီး လမ်းပန်းဆက်သွယ်ရေး မကောင်းပါ။ ကျေးရွာမှ ကိုယ်ထူကိုယ်ထ လမ်းအဆင့်မြှင့် ပြုပြင်ရန်မှာလည်း ငွေကြေးထည့်ဝင်ရန် အခက်အခဲရှိနိုင်ပါသည်။ ထို့ကြောင့် နိုင်ငံတော်မှ ကူညီပံ့ပိုးပေးမှုများနှင့်အတူ ကျေးလက်ဦးစီးဌာနမှ ကျေးရွာလမ်းနှင့် ရွာချင်းဆက်လမ်းများအား အဆင့်မြှင့် ပြုပြင်ပေးသင့်ပါသည်။ ကျေးရွာချင်းဆက်လမ်းပိုမိုကောင်းမွန်လာခြင်းဖြင့်လည်း တစ်ရွာနှင့် တစ်ရွာ ကုန်စည်ကူးသန်းရောင်းဝယ်မှု ပိုမိုမြန်ဆန်လာနိုင်ပြီး၊ စီးပွားရေးဖွံ့ဖြိုးမှုအား လွန်စွာအထောက် အကူပြုနိုင်ပေမည်။

## (ဂ) လျှပ်စစ်မီးရရှိအောင် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးသွယ်တန်းခြင်း

ကျွန်ုပ်ကျေးရွာလူထုသည် ကျေးရွာ၏ အခြေခံအဆောက်အဦ ကဏ္ဍဖြစ်သော လျှပ်စစ်မီးရရှိလာနိုင်ရေး၊လမ်းများ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သွားမည်။ ရွာလုံးကျွတ် မီးလင်းရေးအတွက် ဆိုလာမီးရရှိစေရန် လည်းကောင်း၊ ကျေးရွာတွင်း လမ်းများနှင့် ရွာချင်းဆက် လမ်းများကို မြေသားလမ်းမှ ကျောက်ချောလမ်းအဖြစ်သို့ တိုးတက်ကောင်းမွန်စေရန် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။

## (ဃ) စာသင်ကျောင်းဆောင် ပရိဘောဂများ လုံလောက်စွာ ရရှိအောင် ဆောင်ရွက်ခြင်း

ကျွန်ုပ်တို့ကျေးရွာသည် အခြေခံပညာရေးကို ကျေးရွာတွင်း၌ပင် လုံခြုံပြည့်ဝစွာ သင်ကြားနိုင်ရေး အတွက် အခြေခံမူလတန်းကျောင်း ဆောက်လုပ်ထားပါသည်။ သို့သော် ဆရာ/ဆရာမဝန်ထမ်းမလုံလောက်ခြင်း၊ စာသင်ကျောင်းဆောင်များ ယိုယွင်းပျက်စီးခြင်း၊ များရှိသဖြင့် ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့က သက်ဆိုင်ရာပညာရေးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တို့နှင့် ချိတ်ဆက်ဆောင် ရွက်သွားမည် ဖြစ်သည်။

### (င) စိုက်ပျိုးရေး နည်းပညာနှင့်ဝန်ဆောင်မှုများ လယ်ယာသုံးကိရိယာများ စနစ်တကျ ငှားရမ်းအသုံးပြုနိုင်ရေး

ပါဟတ်ကျေးရွာသည် မိုးရာသီမှာ စိုက်ပျိုးရေးကောင်းစွာဖြစ်ထွန်းသော ကျေးရွာတစ်ရွာဖြစ် သည်။ သို့သော် လယ်ယာလုပ်သားရှားပါးလာမှုနှင့်အတူ၊ ရာသီဥတု ဖောက်ပြန်လာမှုတို့ကြောင့် လယ်ယာလုပ်ငန်း အချိန်မှီပြီးစီးရန် အနည်းငယ်အခက်အခဲ ကြုံတွေ့ရတတ်ပေသည်။ စိုက်ပျိုးရေးဦးစီးဌာနနှင့်အတူ သက်ဆိုင်ရာဌာနများဖြစ်ကြသော စက်မှုလယ်ယာဦးစီးဌာနနှင့် ကျေးလက်ဦးစီးဌာနများမှ ပြင်ပလယ်ယာသုံး ပစ္စည်းကိရိယာ ရောင်းချသော ကုမ္ပဏီများနှင့် ချိတ်ဆက်ပေးသင့်ပါသည်။ ထို့အပြင် အရစ်ကျစနစ်ဖြင့် ရောင်းချမှုများ၊ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းသုံးစွဲနိုင်ရေးများကိုလည်း ဆောင်ရွက်ပေးသင့် ပါသည်။ ထို့ပြင် စိုက်ပျိုး ရေးလုပ်ငန်းတွင်လည်း မိရိုးဖလာနည်းကိုသာ အသုံးပြုကြသဖြင့် အချို့သီးနှံများသည် အထွက်နှုန်းနည်းပါးလျက် ရှိသည်။ သို့ဖြစ်ပါ၍ စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာနှင့် ဝန်ဆောင်မှုများ ရရှိရန်လည်း လိုအပ်လျက်ရှိသည်။

## ၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

ဗျူဟာဆိုသည်မှာ ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန် အကောင်ထည် ဖော်မည့်နည်း လမ်းဖြစ်သည်။ နည်းလမ်းဆိုသည်မှာ မည်သည့်စီမံချက်များကို မည်သို့အကောင်ထည် ဖော်မည် ဆိုသည့်သဘောပင်ဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ချမှတ်ထားသော ပန်းတိုင် များကိုရောက်ရှိရန် ငါးနှစ်တာစီမံချက်ကာလအတွင်းပါဝင်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင် အထည် ဖော်မှု ဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

### (က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုကငါးနှစ်တာအတွက် စီမံကိန်းရေးဆွဲစဉ်အချိန်ကဦးစားပေးအစီအစဉ်ချ ခဲ့သောစီမံကိန်း များသည်ငါးနှစ်တာလုံးအတွက်ပြီးပြည့်စုံပြီဟုမဆိုနိုင်ပါ။ ဦးစားပေးစီမံကိန်းအချို့ကို ရှေ့ပိုင်းနှစ်များ တွင်ဆောင်ရွက်နေစဉ်နောက်ထပ်ဦးစားပေးစီမံကိန်းအသစ်များ ပေါ်လာပါမည်။ ပုံမှန်အားဖြင့် စံနစ်တကျ ရေးဆွဲထားသောကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်မူဘောင်သည်သဘာဝ ဘေးအန္တရာယ်ဆိုး ဆိုးဝါးဝါးမ ကျပါကပြောင်းလဲမှုသိသိသာသာမရှိနိုင်ပဲ နောက်တိုးဦးစားပေးစီမံကိန်းလုပ်ငန်းအချို့

ကိုနှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ထည့်သွင်းခြင်းအား ဖြင့်အစဉ်သဖြင့်ငါးနှစ်တာ စီမံချက်တစ်ခု အသင့် အနေအထားတွင် ရှိနေပါမည်။

### (ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်းများကိုမည်သည့်ဝန်ကြီးဌာန၊ဦးစီးဌာနနှင့်သက်ဆိုင်သည်ဟု လုပ်ငန်းကဏ္ဍ ဆိုင်ရာအရ ခွဲခြားခြင်း (Functional classification)နှင့်စီးပွားရေး အကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)ဟူ၍ နှစ်မျိုး ရှိသည်။

*လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification)*– ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

*ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification)* တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ ပါဝင်သည်။

### (ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

## ဦးစားပေးစီမံချက်များ

| ကဏ္ဍ/ကဏ္ဍခွဲ | စီမံချက် | ရမှတ် ပေါင်း | ဦးစား ပေး အဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| *ကျေးရွာအဆောက်အအုံ* | | | | | |
| ကျေးလက်လမ်း တံတား | ၁။ ကျေးရွာအခြေခံ အဆောက်အအုံ များကောင်းမွန်ခြင်း | ၉၂ | ၁ | - အုတ်တံတိုင်းကာရံခြင်း | ကျေးလက် လမ်းဦးစီး<br>ကျေးလက် ဦးစီ |
| | | | | - | |
| *ပညာရေး* | | | | | |
| ဆရာ/ဆရာမ အိမ်ရာ | ၂။ ပညာရေးအဆင်အတန်းမြင့်မားလာခြင်း | ၈၂ | ၂ | - မူလတန်းကျောင်းနှင့် အလယ်တန်း ကျောင်းများထားရှိခြင်း | ပညာရေး ဦးစီး<br>ကျေးလက် ဦးစီး |
| *စိုက်ပျိုးရေး* | | | | | |
| | ၃။ စိုက်ပျိုးရေးလုပ်ငန်းများမှ ဝင်ငွေတိုးတက်ရရှိရေး | ၇၂ | ၃ | ကောင်းမွန်သော စိုက်ပျိုးရေးဆိုင်ရာနည်းစနစ်များ သင်ကြားပေးခြင်း၊ မျိုးကောင်းမျိုးသန့်များ ရရှိအောင် ဆောင်ရွက်ပေးခြင်း | စိုက်ပျိုးရေး ဦးစီး |
| **လူငယ်နှင့် ယဉ်ကျေးမှု** | | | | | |
| လူငယ် | ၄။ မူးယစ်အန္တရာယ် ပပျောက်ရေး | ၆၂ | ၄ | - အသိပညာပေးသင်တန်းများပေးခြင်း၊ လက်ကမ်းစာဆောင်များဖြန့်ဝေခြင်း။ | -မူယစ်ဆေး |

**(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ**

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့်ဦးစားပေးစီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်။

| **စီမံချက်** | **အဆင့်** | ၂၀၂၁ | ၂၀၂၂ | ၂၀၂၃ | ၂၀၂၄ | ၂၀၂၅ |
|---|---|---|---|---|---|---|
| အုတ်တံတိုင်းကာရံခြင်း | ၁ | √ | | | | |
| မူလတန်းနှင့် အလယ်တန်း ကျောင်းများ ဖွင့်လှစ်ခြင်း | ၂ | | | √ | | |
| မဟာဓါတ်အားလိုင်းသွယ်တန်းခြင်း | ၃ | | | | √ | |
| အိမ်တိုင်ရာရောက်ရေရရှိခြင်း | ၄ | | | | | √ |
| ဆေးပေးခန်းတည်ဆောက်ခြင်း | ၅ | | | | | √ |

အသိပညာပေးသင်တန်းများပေးခြင်း၊ လက်ကမ်းစာဆောင်များဖြန့်ဝေခြင်း။

## ၉။ ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်း နမူနာ(indicative)အဖြစ် ကိုးကားရန်သာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက် ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး ကော်မီတီသည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းရှင်များထံမှ ဘတ်ဂျတ် အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသား မဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ လုပ်အား၊သဲ၊ကျောက်၊ ပစ္စည်းကိရိယာ၊အချိန် စသည်)

**စီမံချက်ဘတ်ဂျတ်**

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု |
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |

| | | | | | | |
|---|---|---|---|---|---|---|
| ၁ | အုတ်တံတိုင်းကာရံခြင်း | ၁၀၀ | | √ | | |
| ၂ | မူလတန်းနှင့် အလယ်တန်း ကျောင်းများ ဖွင့်လှစ်ခြင်း | - | | √ | | |
| ၃ | မဟာဓါတ်အားလိုင်းသွယ်တန်းခြင်း | - | | √ | | |
| ၄ | အိမ်တိုင်ရာရောက်ရေရရှိခြင်း | - | | | √ | |
| ၅ | ဆေးပေးခန်းတည်ဆောက်ခြင်း | - | | | √ | |

